# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 22 , 2022 Volume 60, Number 14


၂၂.၁၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၄၂ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၆၀၀၀၀ |
| ဒေါ်လာဈေး | = ၂၈၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၅၇.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၂၂.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၈၈.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၄.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၃၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၇၂၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၁၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၈.၅၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၁၈၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပဲနှမ်းဈေးကွက်တစ်ခုလုံး အေးနေသော်လည်း ပို့ကုန်ပဲများ ပုံမှန်သဘော်တင်အဝယ်ရှိနေ




ဒေါ်လာငွေဈေး တည်ငြိမ်နေခြင်းနှင့်အတူ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး အေးနေသော်လည်း ပုံမှန်သဘော်တင်နေသဖြင့် ပို့ကုန်အတွက် အဝယ်မှာမူ ပုံမှန်ရှိနေကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

"ပို့ကုန်မတ်ပဲနဲ့ ပဲစင်းငုံဈေး အေးနေပါတယ်။ သဘော်တင်အဝယ်ကတော့ အမြဲရှိနေပါတယ်။ လက်ကျန်ပစ္စည်း နည်းသွားပေမယ့် ပေါက်ဈေးအတိုင်း အရောင်းအဝယ်တော့ ဖြစ်နေပါတယ်။ အိန္ဒိယမှာလည်း မတ်ပဲ၊ ပဲစင်းငုံပေါ်ချိန် ဖြစ်လို့ ဈေးမတက်ပေမယ့် ပုံမှန်အဝယ်ရှိနေပါတယ်" စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောကြားသည်။

"ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ တစ်အိတ် ၁၉,၀၀၀ ကျော် ဈေးငြိမ်နေပါတယ်။ အသစ်ဝင်နှမ်းမျိုးစုံနဲ့ မြေပဲဆန်ကတော့ အရောင်းအဝယ် ပုံမှန်ရှိနေတော့ နှမ်းဆီ၊ ပဲဆီလည်း ဈေးငြိမ်နေပါတယ်။ ပြည်တွင်း ပဲမာလိုင်းမှာလည်း ပုံမှန်သာ အရောင်းအဝယ် ဖြစ်နေပါတယ်။ ပဲ၊ နှမ်း ဈေးကွက်တစ်ခုလုံးအနေနဲ့ ဒေါ်လာဈေးငြိမ်နေတော့ ဈေးအေးနေတာဖြစ်ပါတယ်။ မကြာမီ ပဲအသစ်များပေါ်လာမှသာ ပဲ၊ နှမ်းဈေးကွက် လှုပ်လှုပ်ရှားရှား ရှိလာနိုင်ပါတယ်" ဟု ၎င်းက ပြောသည်။

ပို့ကုန် မတ်ပဲနှင့်ပဲစင်းငုံမှာလည်း ပုံမှန်သဘော်တင်အတွက်သာ အဝယ်ရှိနေသဖြင့် ဈေးကွက်တစ်ခုလုံးအနေဖြင့်မူ အဝယ်အေးနေကြောင်း၊ အသစ်ဝင် နှမ်းနှင့် မြေပဲဆန်တို့မှာ ဈေးမြင့်တက်ခြင်းမရှိသော်လည်း ဈေးကွက်အတွင်း ဝင်သလောက် အဝယ်ရှိနေကြောင်း သိရသည်။

**မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း**

အိန္ဒိယတွင် ပဲစင်းငုံနှင့် မတ်ပဲပေါ်ချိန်ဖြစ်သဖြင့် ပြည်တွင်းပဲဈေး မြင့်တက်မှု မရှိနိုင်သည့် ကာလဖြစ်နေပြီး နိုဝင်ဘာ ၁၇ ရက်တွင် မတ်ပဲတစ်အိတ်လျှင် ကျပ် ၁၇၂,၀၀၀၊ ပဲစင်းငုံတစ်အိတ် ကျပ် ၁၇၅,၀၀၀ သာ ပေါက်ဈေးဖြစ်ပြီး တစ်အိတ်လျှင် ကျပ် ၅၀၀၀ ခန့် ဈေးကျဆင်းသွားသည်။ ပဲတီစိမ်းအညာထိပ်စမှာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၄၀,၀၀၀ ပေါက်ဈေးဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။

**မြေပဲ**

နယ်စုံမှ မြေပဲဆန်သစ်များ ဈေးကွက်အတွင်း ဝင်သလောက် အရောင်းအဝယ်ဖြစ်နေပြီး နိုဝင်ဘာ ၁၇ ရက်တွင် ထိပ်စမြေပဲဆန်မှာ တစ်ပိဿာ ၅,၄၀၀ ကျပ် ဝန်းကျင်ဖြင့် အရောင်းအဝယ်သွက်နေပြီး ဆီဆန်မှာ တစ်ပိဿာ ကျပ် ၄၉၀၀–၅၀၀၀ ပေါက်ဈေးရှိနေသည်။

အခြားပဲများအနေဖြင့်မူ နိုဝင်ဘာ ၁၇ ရက်တွင် ကုလားပဲ V2 တစ်အိတ် ကျပ် ၁၉၇,၀၀၀၊ ပဲယင်းတစ်အိတ် ကျပ် ၁၂၀,၀၀၀၊ ပဲကြီးတစ်အိတ်ကျပ် ၂၂၅,၀၀၀၊ ပဲထောပတ်တစ်အိတ်ကျပ် ၁၆၀,၀၀၀၊ စွန်တာပြာ တစ်အိတ်ကျပ် ၁၃၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်ကျပ် ၂၃၈,၀၀၀ နှင့် ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ကျပ် ၃၈၀,၀၀၀ ပေါက်ဈေးဖြစ်နေသည်။

Source: Myanma Awba

## ကချင်ပြည်နယ်၏ ၂၀၂၂ နိုဝင်ဘာလ ၁၂ ရက်နေ့မှ ၁၈ ရက်နေ့များအတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်မှ ၁၈ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ နမ်း၊ ခဲသတ္တု၊ ဖရဲသီး၊ ရှောက်ကောပါကော၊ ရော်ဘာ၊ ဆန်၊ ပိုးလုံးအိမ်၊ မြေပဲကျား(အခွံပါ)၊ ကြံနှင့်ဆန်ကွဲများ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၁၅၆၂၄၃၆ ဒသမ ၇၇ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏမှာ ၂၀၆၄၁၆၆ ဒသမ ၆၇ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၃၆၂၆၆၀၃ ဒသမ ၄၄ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ လယ်ထွန်စက်၊ ဓါတ်မြေသြဇာများ၊ ကုန်ထုတ်စက်ကူများ၊ ချည်ထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ သံနှင့်သံမဏိပစ္စည်းများ၊ ပန်းသီး၊ ကားတာယာ၊ သံပိုက်၊ မြက်ခင်းတုနှင့် အခြားပစ္စည်းများ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၀၈၀၆၇ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၃၇၂၁၉၃ ဒသမ ၅ ဖြစ်၍ တင်သွင်းကုန်၏စုစုပေါင်း ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၄၈၀၂၆၀ ဒသမ ၅ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၃၉ ယွမ်ဖြစ်ပြီး၊ တစ်ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၄ ဒသမ ၉၈ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: မနောမြေကုန်သွယ်မှုဇဟိုဌာန**

## ကြက်သွန်နီ(ဥစိုက်)အသစ်များ ပေါ်ထွက်လာပြီး ကြက်သွန်နီ(အပင်စိုက်)များ လက်ကျန်နည်း

မကွေးတိုင်းဒေသကြီးအတွင်းတွင် ကြက်သွန်နီကို ပခုက္ကူ၊ ဆိပ်ဖြူ၊ ရေနံချောင်း၊ မင်းဘူးနှင့်ရောဝတီမြစ်ရိုး တလျှောက် တွင် ကြက်သွန်နီ(ဥစိုက်)များစိုက်ပျိုးကာ အောက်တိုဘာလမှစ၍ ဈေးကွက်အတွင်း ရောက်ရှိကာ အရောင်းအဝယ်ဖြစ်လျှက် ရှိပါသည်။

ကြက်သွန်နီ(ပင်စိုက်) အဟောင်းများ လက်ကျန်နည်းနေပြီး ဈေးကွက်ထဲသို့ အဝင်နည်းနေသော်လည်း ပုံမှန် အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။ ဈေးနှုန်းအနေဖြင့် ကြက်သွန်နီ(အသစ်)နှင့် (အဟောင်း) ဈေးများ ကွာခြားမှု ရှိသော်လည်း အရည်အသွေးကောင်းလျှင် ဈေးကောင်းရနေကာ အသစ်နှင့်အဟောင်းဈေး ကွာခြားမှုကတော့ ကျပ်(၁၀၀၀) နီးပါး ကွာခြားနေတာကို တွေ့ရပါတယ်။ အသစ်များကတော့ ယခုလက်ရှိအချိန်တွင် အစိုဓါတ်ရှိနေသေးတဲ့အတွက် လှောင်၍ မရသေးဘဲ အဟောင်းများလည်း လက်ကျန်မရှိသလောက် နည်းပါးနေပြီး တောင်သူလက်ထဲတွင် မျိုးအတွက်သာ ချန်ထားပြီး ကုန်သည်လက်ထဲတွင်သာ အနည်းငယ်ကျန်ရှိပြီး အဟောင်းဈေးကောင်းနေတဲ့အတွက် ဈေးကွက်ထဲသို့ တစ်အိတ်စ နှစ်အိတ်စသာ လာရောက်ရောင်းချနေကြတာကို တွေ့ရပါတယ်။ ကြက်သွန်နီ(အဟောင်း) ဈေးနှုန်းအနေဖြင့် ယခုတစ်ပတ် အတွင်း ပခုက္ကူကုန်စည်ဒိုင်တွင် တစ်ပိဿာလျှင် ကျပ်(၃၁၅၀)မှ ကျပ်(၃၉၀၀)ဈေးအထိရရှိပြီး ဈေးကွက်ထဲသို့ ပိဿာ(၁၇၀၀၀) ဝင်ရောက်ကာ ဆိပ်ဖြူကုန်စည်ဒိုင်တွင် ကျပ်(၃၁၅၀)မှ ကျပ်(၃၇၅၀)ဈေးအထိရရှိပြီး ပိဿာ (၃၃၈၀၀)

ဝင်ရောက် အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။ ကြက်သွန်နီ(အသစ်) ဈေးနှုန်းအနေဖြင့် ယခုတစ်ပတ်အတွင်း တစ်ပိဿာလျှင် ပခုက္ကူကုန်စည်ဒိုင်တွင် ကျပ်(၉၀၀)မှ ကျပ်(၃၀၀၀)ဈေးအထိ အရည်အသွေးအလိုက်ဈေးရရှိပြီး ဈေးကွက်ထဲသို့ ပိဿာ(၅၂၅၀၀) ဝင်ရောက်၍ ဆိပ်ဖြူကုန်စည်ဒိုင်တွင် ကြက်သွန်နီအသစ်များ ဝင်ရောက်မှုမရှိသေး ပါကြောင်း သိရှိရပါသည်။

**Source: ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန**

## မြစ်သားမြို့နယ်၏ ဝါဈေးနှုန်း၊ ဈေးကွက်အခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ဝါသီးနှံများကို လွန်ကျော်၊ ပေတော၊ ဒါးဝယ်အင်း ကျေးရွာများတွင် အများဆုံးစိုက်ပျိုးလျှက်ရှိရာ အိန္ဒိယမျိုးနှင့် စိန်ကမ္ဘာမျိုးများကို အဓိကစိုက်ပျိုးကြကြောင်း၊ တစ်ဧကကုန်ကျစရိတ်မှာ ခုနှစ်သိန်းမှ ရှစ်သိန်းခန့်ထိကုန်ကျပြီး၊ တစ်ဧကအထွက်နှုန်းမှာ ပျမ်းမျှ (၄၀၀) ပိဿာမှ (၅၀၀) ထွက်ရှိကြောင်း၊ ထွက်ရှိလာသော ဝါများကို မြစ်သား၊ ကူမဲရှိ ပွဲရုံများနှင့် မန္တလေးပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း အထွက်နှုန်းကတော့ အရင်နှစ်ထက် ပိုမထွက်ပေမဲ့ ဒီနှစ်မှာ ဈေးပိုရကြောင်း မြစ်သားမြို့နယ်၊ ပေတောရွာမှ ဝါစိုက်တောင်သူ ဦးဇော်နိုင်က ပြောပါတယ်။ ဝါဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၂၆၀၀ မှ ၂၇၀၀ ပေါက်ဈေးရှိပြီး၊ ယခင်လကျပ် ၂၂၀၀ မှ ၂၄၀၀ ဈေးရောင်းရပြီး ယခင်လထက် ကျပ် ၃၀၀ မှ ၄၀၀ မြင့်တက်လာကြောင်း သိရသည်။ ဝါသီးနှံသည် အခြားသီးနှံများနှင့် နှိုင်းယှဉ်ပါက တောင်သူများအနေဖြင့် အကျိုးအမြတ်ရှိပြီး ဝင်ငွေကောင်းတဲ့ သီးနှံဖြစ်တဲ့အတွက် တိုးချဲ့စိုက်ပျိုးသင့်သော်လည်း သွင်းအားစုဈေး မြင့်တက်လာခြင်းကြောင့် အကျိုးအမြတ်ရရှိမှု နည်းနေသေးကြောင်း သိရပါသည်။

**Source: ရတနာပုံကုန်သွယ်မှုဗဟိုဌာန**

## ထိုင်းအစားအစာဈေးကွက်များတွင် ကျော်ကြားနေသည့် မြန်မာ့ရှပ်(ခေါ်)ဂုံး



https://www.commerce.gov.mm

ထိုင်းနိုင်ငံ တစ်နိုင်ငံလုံးနီးပါးသည် ပင်လယ်စာကို နှစ်ခြိုက်စွာ စားသုံးကြသည့်အလျောက် မြန်မာနိုင်ငံမှထွက်ရှိသည့် (live Clam) ဂုံး ဒေသအခေါ် ဂုံးကောင်များကိုလည်း များစွာစားသုံးကြပါသည်။ ထိုင်းနိုင်ငံ တစ်နိုင်ငံလုံးနီးပါးအပြင် ထိုင်းနိုင်ငံအတွင်းသို့ လာရောက်လည်ပတ်ကြသည့် ကမ္ဘာအရပ်ရပ်မှ နိုင်ငံခြားခရီးသွား ဧည့်သည်များမှလဲ နှစ်ခြိုက်စွာ စားသုံးကြပါသည်။ ဂုံးကောင်မှာ စားရလွယ်ကူပြီး ချက်ပြုတ်၍သော်လည်းကောင်း၊ ပြုတ်ပြီး ဒုတ်ထိုးကင်၍သော်လည်းကောင်း နှစ်ခြိုက်စွာစားသုံးကြပါသည်။ ထို့အတွက်ကြောင့် ထိုင်းနိုင်ငံတွင် ဂုံးကောင်များအား နှစ်ခြိုက်စွာ စားသုံးကြသဖြင့် ဈေးကွက်လိုအပ်ချက် မြင့်မားလျက်ရှိနေကြောင်း သိရှိရသည်။

မောတောင်နယ်စပ်ကုန်သွယ်ရေးမှတဆင့် တနင်္သာရီဒေသထွက် ဂုံးကောင်များ တဖက်နိုင်ငံသို့ နေ့စဉ်တင်ပို့နေရပြီး လက်ရှိပေါက်ဈေးအနေဖြင့် ဂုံးကောင် 1 Kg လျှင် (၉၁.၉၄) ဘတ်ဈေးရရှိပါသည်။ နေ့စဉ် ကမာကောင် (၅၀၀) Kg မှ (၁၀၀၀) Kg ထိ တင်ဆောင်ထားသည့် (၄) ဘီးကားများ (၁၀) စီးကျော် တင်ပို့နေရကြောင်း တွေ့ရှိရသည်။ ပင်လယ်စာများထဲတွင် ဈေးနှုန်းမြင့်မားစွာရရှိနေသည့် ဂုံးကောင်အား ပိုမိုကြိုးစားတင်ပို့သင့်ပါသည်။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade

## (၆) ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၆) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်-သွင်းကုန် ကုန်စည်ပြပွဲများ စတင်ကျင်းပခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်တွင် (၆) ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၆) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်-သွင်းကုန် ကုန်စည်ပြပွဲများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရတို့ ပူးပေါင်းကျင်းပသည့် နိုင်ငံတကာပြပွဲကို (၁၉-၁၁-၂၂) ရက်နေ့မှစတင်၍ (၂၂-၁၁-၂၂) ရက်နေ့အထိ ကျင်းပမည်ဖြစ်ရာ တရုတ်နိုင်ငံ၊ တောင်အာရှ၊ အရှေ့တောင်အာရှနှင့်အခြားကမ္ဘာ့နိုင်ငံများအကြား ဘက်စုံသံခင်းတမန်ခင်း စီးပွားရေးနှင့်ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှုနှင့် လူချင်းဖလှယ်ရေးတို့အတွက် အရေးပါသော စင်မြင့်တစ်ခုအဖြစ် ၎င်း၏အခန်းကဏ္ဍကို ပိုမိုအားဖြည့်ဆောင်ရွက်ကာ သာယာဝပြောရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန်ဖြစ်ပါကြောင်း ကုန်စည်ပြပွဲတွင် တရုတ်-တောင်အာရှ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၊ တရုတ်-အိန္ဒိယသမုဒ္ဒရာ ဒေသဆိုင်ရာဖိုရမ်၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး GMS အုပ်ချုပ်ရေးမှူးများဖိုရမ်၊ တရုတ်-တောင်အာရှ စီးပွားရေးဖိုရမ်၊ တရုတ်-တောင်အာရှနှင့် အရှေ့တောင်အာရှ တွေးခေါ်ပညာရှင်ဖိုရမ်၊ တရုတ်-တောင်အာရှ စီးပွားရေးဖိုရမ်၊ အာရှစီးပွားရေးဖိုရမ် ယူနန်-တိုင်ပေ စီးပွားရေးကုန်သွယ်မှုနှင့်ယဉ်ကျေးမှုညီလာခံ၊ အာဆီယံပြည်ပ တရုတ်လုပ်ငန်းရှင်များညီလာခံ International Cooperation Forum on RCEP Trade and Investment Kunming Forum on Education Cooperation in South & Southeast Asia New Era-Border Opening Forum၊Belt and Road Supply Chain Summit၊China International တရုတ်-လာအို မီးရထားဘက်စုံပို့ဆောင်ရေးအတွက် "One Order System" ဆွေးနွေးပွဲနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုစာရွက်စာတမ်းများ လက်မှတ်ရေးထိုးပွဲ အခမ်းအနား များလည်းပါဝင်၍ ယူနန်ပြည်နယ်၊ ကူမင်းမြို့၊ တီယန်ချီစင်တာတွင် ပြပွဲအကျယ်အဝန်း ၁၃၀,၀၀၀ မီတာ ကျယ်ဝန်းသောနေရာတွင် ကျင်းပခြင်းဖြစ်ပြီး ပြပွဲခန်းမများတွင် အစိမ်းရောင်စွမ်းအင်၊ ခေတ်မီစိုက်ပျိုးရေး ပြပွဲဖွင့်ပွဲနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ဇီဝဆေးဝါးနှင့်အထွေထွေကျန်းမာရေး၊ အဆင့်မြင့်ကုန်ထုတ်လုပ်ငန်း၊ ဒစ်ဂျစ်တယ်စီးပွားရေး ခရီးသွားလုပ်ငန်းနှင့်ယဉ်ကျေးမှုမဏ္ဍပ်များပါဝင်ပါကြောင်း ကမ္ဘာလုံးဆိုင်ရာစက်မှုကွင်းဆက်၊ ထောက်ပံ့ရေးကွင်းဆက်နှင့် လူအချင်းချင်းဖလှယ်မှုများအပေါ် COVID-19 ၏ ပြင်းထန်သော အကျိုးသက်ရောက်မှုများကြားတွင် CSA ကုန်စည်ပြပွဲနှင့်ကူမင်း ကုန်စည်ပြပွဲသည် တရုတ်အစိုးရမှပံ့ပိုးပေးသည့် ပြပွဲတစ်ခုဖြစ်ပါကြောင်း စိတ်ပါဝင်စားသူများအနေဖြင့် www.csa-expo.com တွင် အခြားသောအချက်အလက်အသေးစိတ်ကို ကြည့်ရှုနိုင်ပါကြောင်း သိရှိရပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ကူမင်းမြို့)**

**Source:**https://myantrade.gov.mm/article/(%E1%81%86)%20%E1%80%80%E1%80%BC%E1%80%AD%E1%80%99%E1%80%BA%E1%80%99%E1%80%BC%E1%80%B1%E1%80%AC%E1%80%80%E1%80%BA%20%E1%80

## စားအုန်းဆီဈေး ဆက်တိုက်ကျဆင်း

ဈေးမြင့်တက်နေသည့် စားအုန်းဆီဈေး ဆက်တိုက် ကျဆင်းသွားကြောင်း ဆီလက်လီလက်ကားရောင်းချနေသည့် လုပ်ငန်းရှင်များနှင့် စားသုံးသူများထံမှ သိရပါသည်။ ပြည်ပမှတင်သွင်းနေသည့် စားသုံးဆီအမျိုးမျိုးမှာ နိုင်ငံခြားငွေလဲလှယ်နှုန်းပေါ်မူတည်နေသည့်အတွက် ဈေးမငြိမ်ဖြစ်နေခြင်းဖြစ်ပြီး လက်ရှိတွင် ဒေါ်လာဈေးမှာ အနည်းငယ် ကျဆင်းသည့်အတွက်ကြောင့် ဈေးလိုက်လံကျသွားခြင်းဖြစ်ကြောင်း လုပ်ငန်းရှင်တစ်ချို့ကဆိုသည်။

ပြီးခဲ့သည့် စက်တင်ဘာလကုန်ပိုင်းက ဆီတစ်ပိဿာလျှင် ၉၀၀၀ ကျပ်အထက်အထိ မြင့်တက်ခဲ့ပြီး အောက်တိုဘာလလယ်တွင် တစ်ပိဿာ ၆၅၀၀ အထိ ပြန်ကျဆင်းခဲ့ကြောင်းသိရသည်။ တဖြည်းဖြည်း ဆက်တိုက်သလို ကျဆင်းလာကာ တစ်ပိဿာလျှင် ၅၈၀၀ မှ ၆၀၀၀ ကြားအထိ ပေါက်ဈေးတွင် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ထိုကဲ့သို့ ဈေးကျဆင်းနေသည့်အတွက်ကြောင့် ဈေးကွက်တွင် အရောင်းဝယ်အေးနေကြောင်းလည်းသိရသည်။ "ဆီဈေးတွေတက်သွားရင် စားသုံးသူတွေက လုပြီးဝယ်ကြတယ်။ အခုဈေးကျတော့ ဝယ်သူနည်းနေတယ်။ ဈေးကျနေတယ်ပြောတာကို အရေးမလုပ်ကြဘူး။ ဈေးကကျလာတာ တစ်ပိဿာကို ၅၈၀၀ ၊ ၆၀၀၀ ကျပ်အထိဖြစ်နေပြီး ထပ်ကျဖို့လဲရှိနေတယ်

ကြားတယ်။ ဒေါ်လာဈေး ကျသွားတာနဲ့လဲဆိုင်တယ်” ဟု ဘုရင့်နောင်ပွဲရုံတွင်ရောင်းချနေသည့် ဆီလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လက်ရှိအသင်းအနေဖြင့် စားသုံးသူပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရေးအတွက် ရန်ကုန်တိုင်းတွင် စားသုံးဆီ တစ်ပိဿာလျှင် (၄၆၀၀ကျပ်)နှုန်းဖြင့် လိုက်လံရောင်းချပေးနေကြောင်းသိရသည်။ “ဆီဈေးတွေက အောက်တိုဘာ လလယ်ကတည်းကကျနေတာ ၆၅၀၀ ဝယ်ရတယ်။ အခု သဃ်္ဘန်းကျွန်းမြို့နယ်က အောင်မြန်မာဆီဆိုင်မှာ တစ်ပိဿာ ၆၀၀၀ နဲ့ဝယ်ရတယ်။ မရှိမဖြစ် စားသုံးကုန်မှန်သမျှ ဈေးအကုန်ကျစေချင်တယ်။ ဈေးကိုမသွားရဲဘူး အကုန်ဈေးတက်နေလို့” ဟု သဃ်္ဘန်းကျွန်းမြို့နယ်မှ စားသုံးသူ ဒေါ်ကြည်ကြည်ကပြောသည်။

လက်ရှိတွင် လျှပ်စစ်မီးပြတ်တောက်မှုတွေများကြောင့် ဆီစက်များပုံမှန်လည်ပတ်နိုင်ရန် အခက်အခဲများရှိခြင်း၊ စက်သုံးဆီဈေးများ မြင့်တက်ခြင်းစသည့် အခက်ခဲများကြုံတွေ့နေရကြောင်း ဆီစက်လုပ်ငန်းရှင်များထံမှ သိရသည်။ ထို့ကြောင့် ကြိတ်ဆီများဖြစ်သည့် ပဲဆီနှင့်နှမ်းဆီမှာတော့ ဈေးအတက်အကျနည်းကြောင်းသိရပြီး ရန်ကုန်ဈေး ပဲဆီ ရှယ်တစ်ပိဿာလျှင် ၁၃၀၀၀ ကျပ်အထိရှိပြီး နှမ်းဆီတစ်ပိဿာလျှင် ၉၅၀၀ အထိ ပေါက်ဈေးရှိကြောင်းသိရသည်။ “လျှပ်စစ်မီးလဲမရ စက်သုံးဆီကလဲ ဈေးတွေတက်နေတော့ ပဲဆီ၊ နှမ်းဆီစတဲ့ ကြိတ်ဆီတွေကဈေးရှိတယ်။ ကုန်ကြမ်းရှိ၊ မရှိ ပေါ်မှာလည်း မူတည်တယ် ” ဟု ပခုက္ကူမြို့မှ မြေပဲခွဲစက်နှင့်ဆီစက်လုပ်ငန်းမှ ကိုအောင်မျိုးကပြောထားသည်။

ပြည်တွင်း၌ စားအုန်းဆီသုံးစွဲမှု တစ်နှစ်လျှင် တန်ချိန် ၁၀ သိန်းကျော် အထိ ရှိသောကြောင့် နှစ်စဉ်တန်ချိန် ၆ သိန်းမှ ၇ သိန်းကြားအား မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံများမှ စားအုန်းဆီများကို အဓိကထား၍ တင်သွင်းနေရကြောင်း သိရသည်။

စားအုန်းဆီများကို အဓိက မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံများမှ တင်သွင်းနေရခြင်းဖြစ်ပြီး အင်ဒိုနီးရှားသည် ဧပြီလကုန်မှစတင်ကာ စားအုန်းဆီကို ပြည်ပတင်ပို့မှု တားမြစ်ထားခဲ့ရာမှ ဆီဈေးများမြင့်တက်ခဲ့ကြောင်း သိရသည်။ ထို့နောက် ပြန်လည်တင်ပို့ခွင့်ပြုလာခဲ့ရာ ပြည်ပစားအုန်းဆီဈေးများ ဆက်လက်ပြီး သိသိသာသာကျဆင်းလာခဲ့ခြင်း ဖြစ်ကြောင်း ဆီလုပ်ငန်းရှင်တစ်ချို့ထံမှ သိရသည်။

**Source: AMIA**

https://t.me/htwettoe

## တောင်ကိုရီးယားကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနသည် ၎င်းပို့ကုန်အတွက် အခက်အခဲ ဖြစ်နေသည့် ပြဿနာ(၆)ခုအား WTO TBT ကော်မတီတွင်တရားဝင်ကန့်ကွက်

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် နိုဝင်ဘာ(၁၅) မှ (၁၈)ရက်နေ့ထိ ကျင်းပသည့် တတိယ အကြိမ်မြောက် ကုန်သွယ်မှုဆိုင်ရာနည်းပညာ အဟန့်အတားကော်မတီ (Technical Barriers to Trade (TBT)သို့ တောင်ကိုရီးယားနိုင်ငံ၏ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ပြီး၊ ယင်းအစည်းအဝေးတွင် တောင်ကိုရီးယားနိုင်ငံ၏ အဓိကပို့ကုန်(၆)ခုတွင် ရင်ဆိုင်နေရသော အခက်အခဲများကို ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ TBT Committee သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် (၁၆၄) နိုင်ငံတို့မှ ချမှတ်ထားသော နည်းပညာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများသည် ကုန်သွယ်မှုတွင် အဟန့်အတားပုံစံဖြစ်နေပါက ဖြေရှင်းဆောင်ရွက် ပေးရသည့်ကော်မတီဖြစ်ပြီး၊ တစ်နှစ်လျှင် (၃)ကြိမ်စီ (မတ်၊ ဇွန်၊ နိုဝင်ဘာ)လများတွင် ကျင်းပလေ့ရှိပါသည်။

ယခု နိုဝင်ဘာ(၁၅) မှ (၁၈) အတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေးတွင် တောင်ကိုရီးယားနိုင်ငံသည် ဥရောပသမဂ္ဂ၊ အိန္ဒိယနှင့်တရုတ်နိုင်ငံတို့မှ ချမှတ်ထားသည့် နည်းပညာဆိုင်ရာ စည်းမျဉ်းစည်းကမ်း (၅)ခုအပေါ် အသေးစိတ် ကုန်သွယ်မှုဆိုင်ရာပြဿနာ (specific trade issues (STC) အဖြစ် တရားဝင်ကန့်ကွက်ခဲ့ပါသည်။ အသေးစိတ် ကုန်သွယ်မှုဆိုင်ရာပြဿနာ (specific trade issues (STC) ဆိုသည်မှာ ကုန်သွယ်မှုတွင် အဟန့်အတားကြီးကြီးမားမား ဖြစ်နေခြင်း (သို့မဟုတ်) အရေးပေါ်ဖြေရှင်း ဆောင်ရွက်မှုနှင့်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုလိုအပ်နေခြင်းစသည့်ကိစ္စများ အကျုံးဝင်ပါသည်။ တောင်ကိုရီးယားနိုင်ငံ၏ အဓိကပို့ကုန်တစ်ခုဖြစ်သော လျှပ်စစ်နှင့်ကြိုးမဲ့ဆက်သွယ်ရေးဆိုင်ရာ ကိရိယာ

အပေါ်တွင် ဥရောပသမဂ္ဂမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများသည် နောင်တွင် ကုန်သွယ်မှုအဟန့်အတားကို ဖြစ်စေသည့်အတွက် သင့်တင့်မျှတသည့် အစီအမံများကိုသာချမှတ်စေရေး နှစ်နိုင်ငံချင်း ဆွေးနွေးညှိနှိုင်းသွားမည် ဖြစ်ကြောင်းလည်း ဖေါ်ပြထားပါသည်။

**Source: yunhap news/ wto.org**

https://www.commerce.gov.mm/my/article/update-news-international-trade/%E1%80%90%E1%80%B1%E1%80%AC%E1%80%84%E1%80%BA%E1%80%80%E1%80%AD%

## STOCK EXCHANGE (22.11.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 22nd Nov. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +0 | +0.00% | 9,000 | 9,200 | 9,000 | 2,471 | 22,368,600 | 33,109,694 | 301,298 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,350 | 3,451 | 11,560,850 | 38,929,150 | 130,413 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 11 | 84,700 | 10,400,986 | 80,088 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 0 | 0 | 2,472,053 | 48,205 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 12,823,224 | 34,623 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | -100 | -2.00% | 4,900 | 4,900 | 4,900 | 178 | 872,200 | 10,497,598 | 51,438 |

## Market Overview

### Main Board

As of 1:00 pm, 22nd Nov. 2022

| MYANPIX | 402.39 ▼ 0.60 |
|---|---|
| Total Volume (shares) | 6,111 |
| Total Value (MMK) | 35 mil |
| Listed Company | 7 |
| Market Cap. (MMK) | 700,004 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 0 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 4,900 | ▼ 100 |